ミャンマー語：在留カードの提示のお願い

# နေထိုင်ခွင့်ကဒ်ပြားတင်ပြရန်တောင်းခံခြင်း

ဤနေရာမှ QR code ကိုဖတ်ပြီး
လုပ်ထုံးလုပ်နည်းများကို ဆက်လက်လုပ်ဆောင်ပါ။

**■ နေထိုင်ခွင့်သက်တမ်းတိုးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြီးဆုံးပြီးနောက်တွင် လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ပါ။**

- နေထိုင်ခွင့်သက်တမ်းပြည့်မည့်ရက်သည် 3 လအတွင်းကျရောက်မည့်အခါ လူဝင်မှုကြီးကြပ်ရေးအေဂျင်စီ (လဝက)တွင် နေထိုင်ခွင့်ကဒ်ပြားသက်တမ်းတိုးခြင်းလုပ်ထုံးလုပ်နည်းများ လုပ်ဆောင်နိုင်ပါသည်။
- **လူဝင်မှုကြီးကြပ်ရေးအေဂျင်စီ (လဝက)တွင် နေထိုင်ခွင့်ကဒ်ပြားသက်တမ်းတိုးခြင်း လုပ်ထုံးလုပ်နည်းများ လုပ်ဆောင်ပြီး နေထိုင်ခွင့်ကဒ်ပြားအသစ်ရရှိလာပါက ညာဘက်အပေါ်ရှိ QR code မှတစ်ဆင့် နေထိုင်ခွင့်ကဒ်ပြားသက်တမ်းတိုးမှုလုပ်ဆောင်ခဲ့ကြောင်း အကြောင်းကြားခြင်းကို ဆောင်ရွက်ပေးပါ။**

※ နေထိုင်ခွင့်အရည်အချင်းနှင့် နေထိုင်ခွင့်ကာလတို့ သက်တမ်းတိုးရန်လျှောက်ထားဆဲပုဂ္ဂိုလ်များသည် လုပ်ထုံးလုပ်နည်းများဆောင်ရွက်ပြီးနောက်တွင် သက်တမ်းတိုးထားပြီးဖြစ်သော နေထိုင်ခွင့်ကဒ်ပြားအသစ်ကို တင်ပြပေးပါ။

**■ သက်တမ်းမတိုးဘဲ နိုင်ငံပြန်ခြင်း၊ ဂျပန်နိုင်ငံပြင်ပသို့ ပြောင်းရွှေ့ထွက်ခွာခြင်းတို့ပြုလုပ်သည့်အခါ ဘဏ်အကောင့်ဖျက်သိမ်းသည့် လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ပါ။**

■ လုပ်ထုံးလုပ်နည်းအမျိုးအစားအသီးသီးကို လုပ်ဆောင်ရာတွင် နေထိုင်ခွင့်ကဒ်ပြားတင်ပြရန် မေတ္တာရပ်ခံပါသည်။

နိုင်ငံသား၊ နေထိုင်ခွင့်အရည်အချင်း၊ နေထိုင်ခွင့်ကာလ စသည်တို့ကို စစ်ဆေးအတည်ပြုရန်အတွက် နေထိုင်ခွင့်ကဒ်ပြားတင်ပြရန် မေတ္တာရပ်ခံပါသည်။

※ လုပ်ထုံးလုပ်နည်းပေါ်မူတည်ပြီး နေထိုင်ခွင့်ကဒ်ပြားတင်ပြမှုမရှိပါက လက်ခံဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့်အခါမျိုး ရှိပါမည်။

■ အခြား သတိပြုရမည့်အချက်များ

- နေထိုင်ခွင့်ကဒ်ပြား သက်တမ်းတိုးပြီးပါက လိပ်စာနှင့်အမည် သို့မဟုတ် နေထိုင်ခွင့်ကဒ်ပြားပါအချက်အလက်များ ပြောင်းလဲမှုရှိသည့်အခါ သက်တမ်းတိုးပြီးနောက်ရှိကဒ်ပြားကို ဘဏ်သို့ယူဆောင်လာပြီး စောလျင်စွာဖြင့် ကောင်တာသို့သတင်းပေးပို့ပါ။ သတင်းပေးပို့မှုမရှိပါက Transaction လုပ်ဆောင်မှုများကို အခိုက်အတန့် ကန့်သတ်ထားခြင်းမျိုး ရှိပါမည်။
- ကောင်တာတွင် တင်ပြလာသည့် အထောက်အထားစာရွက်စာတမ်းများကို မိတ္တူကူးယူထားပါမည်။
- သတင်းပေးပို့မှုရရှိပြီးနောက် အချက်အလက်များ အသစ်ပြောင်းလဲပြီးသည်အထိ အချိန်ယူရသည့်အခါမျိုး ရှိပါမည်။
- **တတိယလူအား ပေးသုံးရန်ရည်ရွယ်ပြီး ဘဏ်စာရင်း (ဘဏ်စာရင်းစာအုပ်၊ ငွေသားကတ်) များ လွှဲပြောင်းခြင်းနှင့် ရောင်းချခြင်းတို့သည် ရာဇဝတ်မှုမြောက်ပါသည်။ လုံးဝ မပြုလုပ်ပါနှင့်။**

| မျက်နှာဖုံး | နောက်ကျောဘက် |
| --- | --- |
|  |  |





အရင်းအမြစ် : လူဝင်မှုကြီးကြပ်ရေးအေဂျင်စီ ပင်မစာမျက်နှာ